

# ကေးဒိုမဲ့ညော တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော

ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (KMWS) သည် ကော်သူးလေအတွင်း ကော်သူးလေ သစ်တောဌာန (KFD) ၏ အုပ်ချုပ်မှုအောက်၌ ထပ်မံဖွဲ့စည်းထူထောင်လိုက်သည့် (၁၃)ခုမြောက် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော တစ်ခု ဖြစ်ပါသည်။ ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) သည် ကေအဲန်ယူ-မူတြော် (ဖာပွန်) ခရိုင်၊ အရှေ့တောင်ထောင့်တွင် တည်ရှိပြီး ဧရိယာအားဖြင့် ၆၇,၀၂၉ ဧက (၂၇,၁၁၇.၃၉ ဟက်တာ/၂၇၁.၁၇၃၉ km$^2$) ရှိပါသည်။ ထို ကေးဒိုမဲ့ညော တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တရုတ် သင်းခွေချပ် နှင့် ဆူဒန် သင်းခွေချပ်များ အပါအဝင် မျိုးတုံးတော့မည့် အန္တရာယ်ရှိသည့် အထူးထိန်းသိမ်းကာကွယ်ရန်လိုအပ်သည့် သက်ရှိမျိုးစိတ် အမျိုးမျိုး ရှင်သန်ကျက်စားလျက်ရှိပါသည်။

ဤဒေသသည် (၁၉၉၀)ဝန်းကျင်မှစ၍ မြန်မာအစိုးရစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)တို့ နှစ်ဖက်ပြင်းထန်သည့် တိုက်ပွဲများဖြစ်ပွားခဲ့သည့် ဘူးသို (Bu Thoh)ဒေသနှင့် ထွီးဖါးဝီးကျိုး Twee Hpah Wee Joh) တို့ တည်ရှိရာဒေသလည်းဖြစ်ပါသည်။ထို ပြင်းထန်သည့် တိုက်ပွဲများကြောင့် ဒေသတွင်းနေထိုင်ကြသည့် ဒေသခံဌာနေလူထုအပေါ် ကြီးမားသည့် သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံဌာနေလူထုများ မိမိတို့ နေရပ်ရင်းဒေသကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

ယခင်က ဒေသခံ ရွာသားများသည် ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းနှင့် အနီးအနားဝန်းကျင်တွင် နေထိုင်ကြပြီး အမဲလိုက် ကျွမ်းကျင်သူများအဖြစ် လူသိများပါသည်။ ထို အမဲလိုက်သူများသည် ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) သစ်တောဧရိယာအတွင်းရှိ ပထဝီ ဆိုင်ရာ သွင်ပြင်အနေအထားများအကြောင်းကို သိရှိကြပြီး အမဲလိုက်ရန်နှင့် တောထွက်စားစရာများရယူရန် နက်ရှိုင်းသောသစ်တောထဲ၌ ရက်သတ္တပတ်များစွာ နေထိုင်ကြပါသည်။ သို့သော် ထို သစ်တောနယ်မြေဧရိယာအား ထိန်းသိမ်းစောင့်ရှောက်မှုဧရိယာအဖြစ် သတ်မှတ်ရန်ဆုံးဖြတ်လိုက်သည့် နောက်တွင် ဒေသခံရွာသားတို့သည် မိမိတို့၏ ကိုယ်ပိုင်အသိပညာ ဗဟုသုတများကို အသုံးပြု၍ တောရိုင်းတိရစ္ဆာန်အပါအဝင် သစ်တော ကာကွယ်ထိန်းသိမ်းမှု လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြပြီး အမဲလိုက်ခြင်းများကိုလည်း လျော့ချ ခဲ့ပါသည်။


KESAN

Wildlife Asia

RAINFOREST TRUST

เอกภาพสัตว์ป่า WILDLIFE I CONSERVANCY

ဇန်နဝါရီလ ၂၀၁၈ ခုနှစ်






KMWS ၏ တောင်ပိုင်း နယ်စပ်အနီးရှိ အမှတ်အသားပြုထားသော မြေမြှုပ်ဗုံး

ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သံလွင်မြစ်ဝှမ်းချမ်းရေး ဒေသ ၏ တောင်ဖက်အရပ်တွင် တည်ရှိပြီး သံလွင်မြစ်ဝှမ်းချမ်းရေးဒေသအတွင်း ကော်သူးလေသစ်တောဌာန (KFD) မှ ထိန်းသိမ်းကာကွယ်ရန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ပထမ ဦးဆုံး သတ်မှတ်လိုက်သည့်သစ်တောနယ်မြေဖြစ်ပါသည်။ ထို့သို့သတ်မှတ်နိုင်ရန် ကေအဲန်ယူ-မူတြော် (ဖာပွန်) ခရိုင် ခေါင်းဆောင်များမှ ဒေသခံ ဌာနေလူထုများနှင့် ပူးပေါင်းပြီးထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပိုမို ကျယ်ပြန့်သည့် အစပျိုးမှုအား စတင်ခဲ့ပါသည်၊ ၎င်းသည် KNU-အုပ်ချုပ်မှုဆိုင်ရာ မူတြော် (ဖာပွန်) ခရိုင်၊ ခရိုင်ဇရိယာတစ်ခုလုံး နီးပါးအား လွှမ်းခြုံထားပါသည်။

## လတ်တလော စိန်ခေါ်မှုများ

ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏ ရေရှည်တည်တံ့မှုကို အဓိက ခြိမ်းခြောက်နေသည့် ကိစ္စရပ်မှာ သံလွင်မြစ်ပေါ်ရှိ ကေးဒိုမဲ့ညော တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) ၏ အရှေ့တောင်ပိုင်းနယ်နိမိတ်ပေါ်တွင် တည်ဆောက်ရန် ရည်ရွယ်ထားသည့် ရေအား-လျှပ်စစ်ဓါတ် ရေကာတာစီမံကိန်းပင်ဖြစ်ပါသည်။ ယင်း ရေကာတာစီမံကိန်းသည် ဘေးမဲ့တော၏ သက်ရှိသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုအပေါ်တွင် ကြီးမားသော ထိခိုက်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေမည် ဖြစ်သည့် အပြင် ဆောက်လုပ်ရေး လုပ်ငန်းစဉ်များ နှင့် နောက်ဆက်တွဲဖြစ်သော ရေလွှမ်းမိုးမှုတို့ကြောင့် ဒေသခံဌာနေကရင်တိုင်းရင်းသား လူမျိုးများတို့၏ အသက်မွေးဝမ်းကျောင်းများ အပေါ်

တွင်လည်း သက်ရောက်မှုများ ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) သည် ယခင်က ပြင်းထန်သောပဋိပက္ခဖြစ်ပေါ်ခဲ့သည့် ဧရိယာအတွင်း၌ တည်ရှိစဉ် ကတည်း က ကျန်ရှိနေသေးသော မြေမြှုပ်မိုင်းများကြောင့် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကော်သူးလေသစ်တောဌာန၏ သစ် တော ကာကွယ်ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ (Ranger) အတွက် ခြိမ်းခြောက်မှု တစ်ခုပင်ဖြစ်ပါသည်။

ယခုအခါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုး ပြီးဖြစ်သော်လည်း မြန်မာစစ်တပ်သည် ကေးဒိုမဲညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ( KMWS ) ဧရိယာ တစ်ဝိုက်တွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ပုံမှန် ဆက်လက်လုပ်ဆောင်နေဆဲ (အထက်ပါ မြေပုံတွင် ကြည့်ရှုပါ) ဖြစ်ပါသည်၊ ၎င်းသည် ရွာသားများ၏ လွတ်လပ်စွာ သွားလာမှု နှင့် မိမိတို့၏ အသက်မွေးမှုလုပ်ဆောင်နိုင်ခြင်းများအား ဆိုးယုတ်စေသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

## *လူ့အသိုင်းအဝိုင်း ဒေတာအချက်အလက်*

ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) အတွင်း နှင့် ဝန်းကျင်တစ်ဝိုက်ရှိ လူ့အသိုင်းအဝိုင်းများကို ဇုန် သုံးမျိုးဖြင့် သတ်မှတ် ထား ပါသည် -

- အတွင်းပိုင်းဇုန် လူ့အသိုင်းအဝိုင်းများ - ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) နယ်နိမိတ် အတွင်းတွင် တည်ရှိသည်။
- ကြားခံဇုန် လူ့အသိုင်းအဝိုင်းများ - ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) နှင့်ကပ်လျက်ရှိသည့် ဧရိယာများတွင် တည်ရှိသည် ။
- ကြားခံဇုန်အပြင်ဘက်ရှိလူ့အသိုင်းအဝိုင်းများ - ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) နှင့်ကပ်လျက်မဟုတ်သော ဧရိယာများတွင် တည်ရှိသည်

KMWS လူ့အသိုင်းအဝိုင်းများ၏ လူဦးရေ

| ဇုန် | ရွာ | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | အမျိုးသမီး | အမျိုးသား | စုစုပေါင်း |
| အတွင်းပိုင်း | ၂ | ၄၄ | ၁၂၆ | ၁၀၁ | ၂၂၇ |
| ကြားခံဇုန် | ၂၈ | ၁,၀၈၃ | ၃,၇၈၆ | ၃,၄၁၂ | ၇,၁၉၈ |
| ကြားခံဇုန် အပြင်ဘက် | ၁၅ | ၄၉၉ | ၁,၅၅၈ | ၁,၄၂၇ | ၃,၁၀၁ |
| စုစုပေါင်း | **၄၅** | **၁,၆၂၆** | **၅,၄၇၀** | **၄,၉၄၀** | **၁၀,၅၂၆** |

NR အုပ်ချုပ်ရေး ကော်မတီဝင်များ

| ဇုန် | ကော်မတီဝင်များ | အမျိုးသမီး | အမျိုးသား | စုစုပေါင်း |
|---|---|---|---|---|
| အတွင်းပိုင်း | ၂ | ၀ | ၅ | ၅ |
| ကြားခံဇုန် | ၂၇ | ၁၅ | ၈၄ | ၉၉ |
| စုစုပေါင်း | **၂၉** | **၁၅** | **၈၉** | **၁၀၄** |



ကေးဒိုမဲညောတောရိုင်းတိရ္ဆစာန်ဘေးမဲ့တော KMWS အနီးရှိ ရွာမှ အလှည့်ကျ တောင်ယာစိုက်ပျိုးရေး လုပ်ဆောင်သူ ရွာသားတစ်ဦး



ကေးဒိုမဲညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) တွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေး တပ်ဖွဲ့(WPU) မှ ဒေတာ အချက်အလက်များအား မှတ်သားခြင်း

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) ဒေသရှိဒေသခံဌာနေလူထုများသည် ဝမ်းစာစပါးရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း ( လယ်စိုက်ပျိုးရေး နှင့် အလှည့်ကျတောင်ယာ စိုက်ပျိုးရေးစနစ် နှစ်မျိုးစလုံး) နှင့် မိမိတို့၏ အသက်မွေးမှုများအတွက် သစ်တောအရင်းအမြစ်များပေါ်တွင် အဓိက အမှီပြုထားပါသည်။ ဒေသခံဌာနေလူထုအများစုသည် မိမိတို့၏ အစားအစာနှင့် ဝင်ငွေအား အပိုဆောင်းဖြည့်စွက်ရန် ဝါး၊ ကြိမ်၊ ဖာလာ၊ ကွမ်းသီး၊ ဒူးရင်းသီး၊ ဒညှင်းသီး နှင့် ရာဘာများ အပါအဝင် NTFP စိုက်ပျိုးထွန်ယက်ခြင်း နှင့်/သို့ မဟုတ်ကောက်သိမ်းခြင်းပုံစံအချို့တွင် ပါဝင်ကြပါသည်။

## တောရိုင်းတိရစ္ဆာန်ကာကွယ်ခြင်း ယူနစ်


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေး တပ်ဖွဲ့ယူနစ် (WPU)ကိုကော်သူးလေ သစ်တောဌာနမှ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးတပ်ဖွဲ့ဝင် (Ranger) နှစ်ဆယ်ဦးဖြင့် ဖွဲ့စည်းထားသည်။ WPU ၂၀၁၅ ခုနှစ်မှ စတင်၍ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးတပ်ဖွဲ့ဝင် (Ranger)များသည် လက်ဦးနည်းဗျူဟာဆိုင်ရာ နှင့် ကွင်းဆင်းလေ့ကျင့်မှုသင်တန်း အပိုင်းများကို စီစဉ်ပေးထားပြီးဖြစ်ပါသည်။ ဤ လက်ဦးသင်တန်းကို ကရင်တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်မှု အစဦးဆောင်ရွက်လုပ်ရှားခြင်း (KWCI)[၁] မှ ဖြစ်မြောက်အောင်

[၁] ကရင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု စဦးဆောင်ရွက်လှုပ်ရှားခြင်းအဖွဲ့ကို ကရင်ပြည်နယ်ထဲတွင် သက်ရှိအမျိုးမျိုးတို့ပူးတွဲတည်ရှိမှု နှင့် ခြိမ်းခြောက်မှုဖြစ်သော တောရိုင်းတိရစ္ဆာန်အမျိုးအစားများတို့အား ထိန်းသိမ်းစောင့်ရှောက်မှုပြုရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်ထဲတွင် တည်ထောင်ခဲ့ပါသည်။ ၎င်းသည် ကော်သူးလေသစ်တောဌာန၊ KESAN နှင့် နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ဆောင်ရွက်ပေးခဲ့ပြီး ပံ့ပိုးကူညီပေးခဲ့ပါသည်။ ‘SMART’ နည်းဗျူဟာဆိုင်ရာစနစ် နှင့် ဒေတာဘေ့စ် (ကာကွယ်မှုပြုထားသည့် ဧရိယာများ နှင့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများတွင် အလုပ်လုပ်သည့်အခါ ကမ္ဘာတစ်ဝှမ်း တောရိုင်းတိရစ္ဆာန် ရိန်ဂျာများတို့မှ အသုံးပြုကြသော) တို့ကို မည်သို့အသုံးပြုရသည့်အကြောင်း သင်တန်းများ အမျိုးမျိုးကိုလည်း မိမိတို့ လက်ခံရရှိခဲ့ပါသည်။ တောရိုင်းတိရစ္ဆာန်၊ လူသား၏ လှုပ်ရှားဆောင်ရွက်မှု နှင့် သဘာဝ အရင်းအမြစ်များအပေါ် အကဲခတ် လေ့လာခြင်းပြုစဉ်တွင် (Ranger)တို့မှ မှတ်တမ်းများပြုလုပ်နေစဉ်၌ ကွင်းဆင်းလေ့ကျင့်မှု သင်တန်းများကို ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) WPU မှ ပျမ်းမျှအားဖြင့် နှစ်ပတ်တာ နှင့် လစဉ်တိုင်း လုပ်ဆောင်ပေးပါသည်။ ၂၀၁၇ ခုနှစ်ထဲတွင် ဘေးမဲ့တော၏ အနောက်ဘက် နယ်နိမိတ်ပေါ်တွင် တည်ရှိသည့် WPU ကွင်းဆင်းခြင်း လုပ်ငန်းဌာနကို အပြီးအစီး တည်ဆောက်ခဲ့ပါ သည်။

## တောရိုင်းတိတိရစ္ဆာန်အား သုတေသနပြုခြင်း/ ကင်မရာ ထောင်ချောက်များ

၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ တွင် ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း၌ ကင်မရာထောင်ချောက်နှစ်လုံးဖြင့် တောရိုင်း တိရစ္ဆာန်အားခြုံငုံလေ့လာခြင်းလုပ်ငန်းကို ကရင် သစ်တောသုတေသနပြုသူ စာဆာဘွယ်မှုး (KWCI ၏ နည်းပညာဆိုင်ရာကွင်းဆင်းကျွမ်းကျင်သူ) မှ ဦးဆောင်ပြုလုပ် ပြီးစီးခဲ့ပါသည်၊ ဘေးမဲ့တော၏ သက်ရှိများ မှုရင်းနေရာသစ်တောများထဲတွင်ထူးခြားသော သက်ရှိအမျိုးမျိုးပူးတွဲတည်ရှိမှုကို



ကေးဒိုမဲညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) အတွင်း ကင်မရာဖြင့် ရိုက်ကူးဖမ်းယူခဲ့သည့် ကျားသစ်



ကေးဒိုမဲညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) အတွင်း ကင်မရာဖြင့် ရိုက်ကူးဖမ်းယူခဲ့သည့် ရစ်ငှက်တမျိုး

ထုတ်ဖော် ခဲ့ပါသည်။ တောရိုင်းတိရစ္ဆာန်၏ တိုက်ရိုက် အကဲခတ်လေ့လာခြင်းနှင့်ကင်မရာထောင်ချောက် ဒေတာအချက်အလက် နှစ်မျိုးစလုံးတို့ကို ပေါင်းစပ် ပြီး KESAN နှင့် KWCI တို့သည် မြောက်များစွာသော မျိုးတုံးတော့မည့်အန္တရာယ် နှင့်ရင်ဆိုင်နေရသည့် ခုခံကာကွယ်နိုင်စွမ်းကင်းမဲ့သော မျိုးစိတ်များ အပါအဝင် ၆၄ မျိုးသော နို့တိုက်သတ္တဝါ အမျိုးအစားများကို မှတ်တမ်း တင်ရရှိခဲ့ပါသည်။

ထိုအမျိုးအစားများမှ နှစ်မျိုးသည် တရုတ်သင်းခွေချပ် နှင့် ဆူဒန်သင်းခွေချပ်များဖြစ်ပြီး၊ ၎င်းတို့သည် မျိုးတုံးတော့မည့်အန္တရာယ်ရှိသော အမျိုးအစား အဖြစ် IUCN ၏ အနီရောင်စာရင်းထဲတွင် စာရင်းပြုစုထားပါသည်။ တောရိုင်းတိရစ္ဆာန် ခြုံငုံလေ့လာမှုပြုသည့် အဖွဲ့မှ မှတ်တမ်းတင်ထားသည့် အခြားသော နားလည်ရန်ခက်သည့် အမျိုးအစားများထဲတွင် ကျားသစ်၊ အမွေးထူ ကျားသစ်၊ အာရှ တောခွေး (Dhole)၊ အရောင်ကွဲကောက် ကြောင်းအစင်းများရှိသည့် တောကြောင်၊ အရှေ့ပိုင်း ဟူးလော့မျောက်လွှဲကျော်၊ တောကျွဲ၊ နေးကွေးသော ဘောရီကောင် နှင့် Phayre’s Leaf မျောက်များ ဖြစ်ပါသည်။

## ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) WS ရှိ အန္တရာယ်သို့ကျရောက်နိုင်သည့် နို့တိုက်သတ္တဝါများ

- အန္တရာယ်ရှိသော အမျိုးအစားများ ၄ မျိုး
- အသည်းအသန် အန္တရာယ်ရှိသော အမျိုးအစားများ ၂ မျိုး
- အားနွဲ့သောအမျိုးအစားများ ၁၃ မျိုး
- မျိုးတုံးမှုအန္တရာယ် ခြိမ်းခြောက်ခံနေရသည့် အမျိုးအစား ၃ မျိုး

## လုပ်ငန်းအမျိုးအစား ပိုင်းခြားသတ်မှတ်ခြင်း နှင့် စည်းမျဉ်း/စည်းကမ်းများ ချမှတ်ခြင်းတွင် လူ့အသိုင်းအဝိုင်း-အဆင့် မှ တက်ရောက်ပါဝင်ခြင်း

ကေးဒိုမဲ့ညော (Kaydoh Mae Nyaw)ဒေသရှိ ဒေသခံဌာနေလူထုတို့သည် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထူထောင်ခြင်းတွင် KFD နှင့် KWCI တို့ အတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ သစ်တောအရင်းအမြစ်များအား



၂၀၁၆ ခုနှစ်၌ ဒေသခံလူထုများနှင့် ညှိနှိုင်းတိုင်ပင်မှု လုပ်ဆောင်ခဲ့သည်

အသုံးပြုခြင်းနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများ တည်ထောင် ခြင်းတွင်လည်း ပါဝင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် မှ နိုဝင်ဘာလ ၆ ရက်အထိ ကေအဲန်ယူ-မူတြော်(ဖါပွန်) ခရိုင်၊ ခရိုင် သစ်တောဌာနသည် အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ များနှင့်အတူ နေရာသုံးနေရာတွင် ညှိနှိုင်းတိုင်ပင်မှု ပြုလုပ်စဉ်အတွင်း၊ ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏ နယ်နိမိတ် ပိုင်းခြား သတ်မှတ်ခြင်းကို ပြုလုပ်ခဲ့ပါသည်။

(၂၀၁၆)ခုနှစ်၊ ဇွန်လ (၁၁) ရက်မှ ဇူလိုင်လ (၅) ရက်အထိ ဒေသခံဌာနေလူထုများနှင့် ညှိနှိုင်းတိုင်ပင်မှု အစည်းအဝေးကို ကေးဒိုမဲ့ညော တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော KMWS အနီးရှိ နေရာ ငါးခုတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ရွာပေါင်း ၄၀ မှ လူဦးရေ ၃၃၈ ဦး (အမျိုးသား ၂၆၆ ဦး နှင့် အမျိုးသမီး ၇၂ ဦး) တို့သည် အဆိုပါ ညှိနှိုင်းတိုင်ပင်မှုများသို့ တက်ရောက်ပါဝင်ခဲ့ပါသည်။ ညှိနှိုင်းတိုင်ပင်မှုပြုလုပ်စဉ်ကာလ၌ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု ကော်မတီများ (NRMC) ကို ထူထောင်ခဲ့ပြီး၊ ၎င်းတို့သည် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု နှင့် သက်ရှိအမျိုးမျိုးတို့ ပူးတွဲတည်ရှိမှုအားကာကွယ်ခြင်းတွင် အထောက်အကူပြုပေးရန်အတွက် တာဝန်ရှိပါသည်။ NRMC သည် KMWS အား ဦးဆောင်စစ်ဆေးမှုပြုရန် KFD နှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ခြင်း ယူနစ်တို့နှင့် အနီးကပ် လုပ်ငန်းဆောင်ရွက်ပါသည်။

## ရပ်ရွာအဆင့်ရှိ NRMC များတို့၏ တာဝန်ဝတ္တရားများ

- သစ်တောများအား ဦးဆောင်စစ်ဆေးမှုပြုရန် နှင့် သစ်ထုတ်လုပ်မှုနှင့် သစ်ဆွဲခြင်းကဲ့သို့သော တရားမဝင်သည့် လုပ်ရှားဆောင်ရွက်မှုများမှန်သမျှကို စစ်ဆေးရန်အတွက် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောထဲတွင် ပူးပေါင်းဆောင်ရွက်မှုပြုခြင်းနှင့် ကွင်းဆင်းလေ့ကျင့်မှုပေးခြင်း။
- ကေးဒိုမဲ့ညော (Kaydoh Mae Nyaw) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏ စည်းမျဉ်းစည်းကမ်းများနှင့် ရည်ရွယ်ချက်များကို လူ့အသိုင်းအဝိုင်းများထဲတွင် နားလည်သဘောပေါက်မှုအား မြှင့်တင်ပြောဆိုခြင်း။
- စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှုများကို တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ကာကွယ်ခြင်း၏ တာဝန်ရှိသူအာဏာပိုင်များသို့ ပူးတွဲကော်မတီများမှတဆင့် တင်ပြခြင်း။



ကေးဒိုမဲ့ညောတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (KMWS) Buffer ဇုံအတွင်းရှိ မြေနှင့် သဘာဝအရင်းအမြစ်များကို ရွာသားများမှ မြေပုံပြရေးဆွဲခြင်း

### Mae Nyaw Core) ဒေသ ၊ ဒေသခံဌာနေလူထုတို့၏ မြေနှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

- အလှည့်ကျ တောင်ယာစိုက်ပျိုးရေးအတွက် အသစ်သော ဧရိယာများ တိုးချဲ့ခြင်း သို့မဟုတ် တိုးပွားခြင်းကို ခွင့်မပြုပါ၊ သို့သော် ရှိထားသည့် သို့မဟုတ် ယခင် စိုက်ပျိုးမြေဧရိယာများတွင် အလှည့်ကျတောင်ယာစိုက်ပျိုးရေးအတွက် ခွင့်ပြုပါသည်။
- အလှည့်ကျ တောင်ယာစိုက်ပျိုးရေး မြေယာများပေါ်တွင် ရေရှည်ခံ သစ်သီးပင်များ သို့မဟုတ် အပင်များကိုမစိုက်ရ။
- စိုက်ပျိုးရန်အတွက် အသစ်သော ဧရိယာများ တိုးချဲ့ခြင်း သို့မဟုတ် တိုးပွားခြင်းကို တားမြစ်ပိတ်ပင်ထားသည်။
- ဘေားမဲ့တောအတွင်းရှိ အလှည့်ကျ တောင်ယာစိုက်ပျိုးရေးမြေယာများနှင့် ကောက်ပဲသီးနှံ စိုက်ပျိုးထွန်ယက်ခြင်း ဧရိယာများကို KNU လက်အောက်တွင် အသိအမှတ်ပြုလက်ခံခြင်း နှင့် မှတ်ပုံတင်ခြင်းများကို အာမခံပေးပါမည်။
- ဘေားမဲ့တောအတွင်းတွင် ကွမ်းသီး၊ ကွမ်းရွက်၊ ဒူးရင်းသီးများ စိုက်ပျိုးရန်အတွက် ရှိထားပြီးသားဖြစ်သည့် သစ်သီးခြံများ/ဥယာဉ်ခြံများ ၅၀ ကိုက်-အချင်းဝက် မြက်ဖြတ်ခြင်း နှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများကို ခွင့်ပြုပါသည်၊ သို့သော် သစ်ပင်များ ထပ်မံစိုက်ပျိုးခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။
- သစ်ပင်များ၊ ကြိမ် နှင့် ဝါးများကို မိသားစုလိုအပ်ချက်များ၊ အဆောက်အအုံ နှင့် ဆောက်လုပ်ရေးများအတွက်မှလွဲ၍ ရောင်းချရန်အတွက် ခုတ်ဖြတ်ခြင်းကို တားမြစ်ထားသည်။
- ဟင်းသီးဟင်းရွက်များ နှင့် ပျားရည်များ၊ ထို့ပြင် သစ်ပျဉ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအား ဒေသခံလူများ ရှာဖွေရယူခြင်းများကို ခွင့်ပြုပါသည်၊ သို့သော် ၎င်းတို့သည် သစ်တောဖျက်ဆီးခြင်း သို့မဟုတ် သားရဲတိရစ္ဆာန်များကို အန္တရာယ်ပြုခြင်းများ မပြုလုပ်ရပေ။
- ဘေားမဲ့တောထဲရှိ သဘာဝသားရဲတိရစ္ဆာန်များကို ရောင်းချရန်အတွက် အမဲလိုက်ခြင်းအား ခွင့်မပြုပါ။ (အတိအကျသတ်မှတ်ထားသည့်ဧရိယာများတွင် အမဲလိုက်ခြင်းကို ခွင့်ပြုမည်၊မပြုမည်အား စဉ်းစားဆုံးဖြတ်ရန် လိုအပ်သေးသဖြင့် နောက်နစ်၌သာ တရားဝင် အသိအမှတ်ပြုပေးပါမည်)။
- သစ်တောနှင့် သက်ရှိအမျိုးအစားများတို့အား ပျက်စီးစေမည့်၊ အန္တရာယ်ဖြစ်စေနိုင်မည့်နည်းပညာဆိုင်ရာ အသုံးအဆောင်များ သို့မဟုတ် စက်ပစ္စည်းများကို ရောင်းဝယ်ခြင်း သို့မဟုတ် ကုန်ကူးခြင်းများအား ခွင့်မပြုပါ။
- ဘေားမဲ့တောဧရိယာအထဲတွင် နေထိုင်သည့်လူများသည် လူအသစ်များ နောက်ထပ်လာရောက်နေထိုင်ရန် ဖိတ်ခေါ်ခြင်းပြုလုပ်သည်များအား ခွင့်မပြုပါ။
- ဘေားမဲ့တောဧရိယာအထဲတွင် နေထိုင်သည့်လူများသည် အပြင်ဘက်ရှိလူများတို့အား မိမိတို့ဧရိယာများအထဲတွင် သစ်တောဖျက်ဆီးရန် သို့မဟုတ် အန္တရာယ်ပြုရန် အားပေးထောက်ခံခြင်း သို့မဟုတ် အားပေးတိုက်တွန်းခြင်း ပြုလုပ်သည်များကို ခွင့်မပြုပါ။
- ဘေားမဲ့တောအတွင်း၌ အသစ်သော ဘာသာရေး အဆောက်အဦးများ ဆောက်လုပ်ခြင်းကို ခွင့်မပြုပါ။

### ရှေ့ဆက် လုပ်ဆောင်ခြင်း

- KFD ၊ KWCI နှင့် လူ့အသိုင်းအဝိုင်းများသည် KMWS Buffer ဇုံကို နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်းတွင် အတူတကွ လုပ်ဆောင်မည် ဖြစ်ပါသည်
- KMWS အတွင်း၌ ပုံမှန် ဦးဆောင်စစ်ဆေးမှုကွင်းဆင်းလေ့ကျင့်မှုများကို ဆက်လက်ပြီး စီစဉ်လုပ်ဆောင်ရန်
- KMWS ဇုံအထဲနှင့် အနီးနားတစ်ဝိုက်တွင် ထိန်းသိမ်းစောင့်ရှောက်မှု၏ ကြိုးပမ်းဆောက်ရွက်မှုများကို ပုံမှန်ပြန်လည်သုံးသပ်ခြင်းများ အား စီစဉ်လုပ်ဆောင်ရန်
- KMWS အတွင်းနှင့် အနီးနားတစ်ဝိုက်ရှိ လူ့အသိုင်းအဝိုင်းများတို့အား မိမိတို့၏ ရေရှည်ခိုင်မာတည်တံ့သော ပုံစံဖြင့် လုပ်ဆောင်ရန် အားပေးထောက်ခံခြင်း

